# Feast of the Dedication of the Lateran Basilica in Rome (Nov 09, 2014)

**1st READING:** ***Ez 47:1-2, 8-9, 12***

ယေဇကျေလအနာကတ္တိကျမ်း။ ၄၇း၁–၂၊ ၈–၉၊ ၁၂

ထိုနောက်မှအိမ်တော်တံခါးသို့တဖန်ငါ့ကိုဆောင်ခဲ့၍ တံခါးခုံအောက်မှ အရှေ့ဘက်သို့ထွက်သောရေကို ငါမြင်၏။အိမ်တော်ဦးသည်အရှေ့သို့မျက်နှာပြု၍ရေသည်အိမ်တော်တံခါးခုံလက်ယာအောက်ယဇ်ပလ္လင်တော်တောင်ဘက်မှစီးသွားလေ၏။ တဖန်မြောက်တံခါးလမ်းဖြင့် ငါ့ကိုထုတ်၍ အပြင်၌ဝိုင်းသွားလျက် အရှေ့သို့မျက်နှာပြုသောအပြင်တံခါးလမ်းဝသို့ရောက်သောအခါ လက်ျာဘက်မှ စီးသောရေကိုငါမြင်၏။ ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။ ထိုသူကလည်းဤရေသည်အရှေ့သို့စီး၍တောကိုရောက်ပြီးမှအိုင်ထဲသို့ဝင်တတ်သောအားဖြင့်အိုင်ရေသည်ချိုလိမ့်မည်။အသက်ရှင်၍လှုပ်ရှားတတ်သောသတ္တဝါအမျိုးမျိုးတို့သည်ထိုမြစ်ရေရောက်သမျှသောအရပ်တို့၌အသက်ရှင်၍အလွန်များစွာသောငါးတို့လည်းရှိကြလိမ့်မည်။ ထိုမြစ်ရေသည်ချိုသောကြောင့်ရောက်သမျှသောအရပ်တို့၌သတ္တဝါအမျိုးမျိုးတို့သည်အသက်ရှင်ကြလိမ့်မည်။မစ်ကမ်းနားနှစ်ဘက်၌စားစရာကောင်းသောအသီးအပင်အမျိုးမျိုးပေါက်ကြလိမ့်မည်။အရွက်လည်းမညှိုးနွမ်းရ၊အသီးလည်းမပြတ်ရ၊လတိုင်းအစဉ်နသောအသီးကိုသီးလိမ့်မည် ။ အကြောင်းမူကား၊ ထိုရေသည် သန့်ရှင်းရာ ဌာနထဲကထွက်သတည်း။ အသီးသည်စား စရာအဘို့ဖြစ်သည်။ အရွက်သည်လည်း အနာရောဂါ ငြိမ်းစေရာ ဘို့ဖြစသည်ဟုငါ့အား ပြောဆို၏။

## Responsorial Psalm  Psalms  46:2-3, 5-6, 8-9
ဆာလံကျမ်း ၄၆

**သံပြိုင်**။ ။အမြင့်ဆုံးသောဘုရားကျိန်းဝပ်စံပယ်တော်မူရာသန့်ရှင်းသောမြို့တော်ကိုရွှင်လန်းဝမ်းမြောက်စေသည့်ရေစီးကြောင်းများရှိသောမြစ်တစ်ခုရှိ၏။

R. **The waters of the river gladden the city of God, the holy dwelling of the Most High!**

၁။ ဘုရားသခင်သည် ငါတို့၏ ခိုလှုံရာနှင့်ခွန်အားဖြစ်တော်မူ၏။ဘေးဒုက္ခရောက်ချိန်၌ကူညီမစတော်မူရန်အမြဲတည်ရှိတော်မူ၏။ ထို့ကြောင့်ကမ္ဘာမြေကြီးသည် အသွင်ပြောင်း၍ တောင်တို့သည် တုန်လှုပ်လျက်၊ သမုဒ္ဒရာနက်ထဲသို့ ပြိုကျခဲ့သော်လည်းကောင်း၊ သမုဒ္ဒရာရေတို့သည် မြည်ဟီးပွက်ထလျက် တောင်တို့သည်လည်းဆူညံလျက်တုန်လှုပ်ခဲ့လျှင်လည်းကောင်း ငါတို့သည်ကြောက်လန့်လိမ့်မည်မဟုတ်။ **သံပြိုင်**။

God is our refuge and our strength, an ever-present help in distress. Therefore, we fear not, though the earth be shaken and mountains plunge into the depths of the sea.

၂။ ဘုရားသခင်သည်ထိုမြို့တော်အလယ်တွင်ကျိန်းဝပ်စံပယ်တော်မူသောကြောင့်ယင်းသည်ဖယ်ရှားပစ်ခြင်းခံရလိမ့်မည် မဟုတ်၊ နံနက် မိုးသောက်ချိန်၌ ဘုရားသခင်သည် ထိုမြို့ကို ကူညီ မစတော်မူလိမ့်မည်။ **သံပြိုင်**။

There is a stream whose runlets gladden the city of God, the holy dwelling of the Most High. God is in its midst; it shall not be disturbed; God will help it at the break of dawn.

၃။ ဗိုလ်ခြေတို့၏အရှင်၊ထာဝရဘုရားသည်ငါတို့နှင့်အတူရှိတော်မူ၏။ ယာကုပ်၏ဘုရားသည်ငါတို့ခိုလှုံရာဖြစ်တော်မူ၏။ လာကြ၊ ထာဝရဘုရားပြုတော်မူသောအမှုတို့ကို ထောက်ရှုကြလော့၊ မြေကြီးပေါ်တွင်ကိုယ်တော်ပြုတော်မူခဲ့သောအလွန်အံ့အားသင့်ဖွယ်ကောင်းသောအမှုတို့ကိုဘုရားသခင်ကျရောက်စေတော်မူခဲ့သောဖျက်စီးခြင်းတို့ကိုကြည့်ရှုကြလော့။ **သံပြိုင်**။

The LORD of hosts is with us; our stronghold is the God of Jacob. Come! behold the deeds of the LORD, the astounding things he has wrought on earth.

## 2nd READING: *1Cor 3:9C-11, 16-17*

ကော်ရင့်သုဩဝါဒပထမစာစောင် ၃း ၉–၁၁၊ ၁၆–၁၇

ညီအစ်ကိုတို့၊သင်တို့သည်ဘုရားသခင်၏လယ်ကွင်း၊ဘုရားသခင်၏အဆောက်အဦးဖြစ်ကြသည်။ငါ့အားဘုရားသခင်သနားတော်မူသောကျေးဇူးတော်နှင့်အညီငါသည်ကျွမ်းကျင်သောဗိသုကာတစ်ဦးပမာအုတ်မြစ်ချခဲ့ပြီး၊အခြားတစ်ဦးကထိုအုတ်မြစ်အပေါ်တွင်ဆောက်လုပ်၏။ချထားပြီးသောအုတ်မြစ်မှာခရစ်တော်ယေရှူးပင်ဖြစ်၍၊ထိုအုတ်မြစ်အပြင်အခြားအုတ်မြစ်ကိုမည်သူမျှမချနိုင်ပေ။သင်တို့သည်ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၍၊ဘုရားသခင်၏ဝိညာဉ်တော်သည်သင်တို့အတွင်း၌စံပယ်တော်မူသည်ကိုသင်တို့မသိကြသလော။တစ်စုံတစ်ယောက်သည်ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီးအံ့။ထိုသူကိုဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ အကြောင်းမူကား ဘုရားသခင်၏ ဗိမာန်တော်သည် သန့်ရှင်းမွန်မြတ်၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *John 2:13-22*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၂း၁၃–၂၂

ဂျူးလူမျိုးတို့၏ပါစကားပွဲနီးကပ်လာပြီဖြစ်သောကြောင့်သခင်ယေရှုသည်ဂျေရုဆလင်မြို့သို့တက်ကြွ တော်မူ၏။ဗိမာန်တော်အတွင်း၌နွား၊သိုးနှင့်ခိုများရောင်းဝယ်နေကြသောသူတို့နှင့်ငွေကြေးလဲလှယ်သူများထိုင်နေကြသည်ကိုတွေ့တော်မူလျှင်။ကြိုးများစည်း၍နှင်တံပြုလုပ်ပြီးထိုသူအားလုံးတို့ကိုသိုးများ၊နွားများနှင့်အတူဗိမာန်တော်အပြင်သို့မောင်းထုတ်တော်မူ၏။ငွေလဲလှယ်သူတို့၏ငွေများကိုသွန်ချ၍ခုံများကိုမှောက်ပစ်တော်မူ၏။ ခိုရောင်းသောသူတို့အားဤအရာများကိုယူသွားကြလော့၊ငါ့ခမည်းတော်၏အိမ်တော်ကိုပွဲဈေးမဖြစ်စေကြနှင့်ဟုမိန့်တော်မူ၏။ တပည့်တော်တို့မူကားကိုယ်တော်၏အိမ်တော်အတွက်ချစ်ခင်တွယ်တာမှုသည်ကျွန်ုပ်ကိုလောင်ကျွမ်းလျက်ရှိပါ၏ဟုရေးထားသောကျမ်းချက်ကိုသတိရကြ၏။ဂျူးလူမျိုးတို့ကလည်း သင်သည်ဤကဲ့သို့ပြုလုပ်ပိုင်ခွင့်ရှိကြောင်းကိုငါတို့အားမည်သည့်အမှတ်လက္ခဏာအားဖြင့်ပြမည်နည်းဟုကိုယ်တော်အားမေးကြ၏။ကိုယ်တော်ကလည်းဤဗိမ္မာန်တော်ကိုဖြိုဖျက်ကြလော့။ သုံးရက်အတွင်းငါသည်ပြန်လည်တည်ဆောက်မည်ဟုသူတို့အားဖြေကြားတော်မူ၏။ထိုအခါဂျူးလူမျိုးတို့ကဤဗိမာန်ကိုနှစ်ပေါင်းလေးဆယ့်ခြောက်နှစ်တိုင်အောင်တည်ဆောက်ခဲ့ကြရ၏။သင်မူကားသုံးရက်အတွင်းတည်ဆောက်နိုင်မည်လောဟုဆိုကြ၏။သို့သော်ကိုယ်တော်သည်မိမိခန္ဓာကိုယ်တည်းဟူသောဗိမ္မာန်တော်ကိုရည်ညွှန်းပြောဆိုခြင်းဖြစ်၏။ ထို့ကြောင့် ကိုယ်တော်သည် သေခြင်းမှ ရှင်ပြန်ထ မြောက် တော်မူသောအခါ ကိုယ်တော် ဤကဲ့သို့မိန့်တော်မူခဲ့ကြောင်းကိုတပည့်တော်တို့ သတိရခဲ့ကြ သဖြင့် ကျမ်းစာတော်ကိုလည်းကောင်း၊ သခင်ယေရှုမိန့်တော်မူခဲသောစကားကိုလည်းကောင်း သူတို့ယုံ ကြည်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။